# အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ ထုတ်ပြန်ကြေညာခြင်း

မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Extractive Industries Transparency Initiative – EITI) လုပ်ငန်းစဉ်အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (EITI Candidate Country) အဆင့်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဖွဲ့ဝင်လောင်းနိုင်ငံအဆင့်မှ EITI စံနှုန်းများအား အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သည့် စံချိန်မီတင်းပြည့်အဖွဲ့ဝင်နိုင်ငံ (EITI Compliant Country) အဆင့်သို့ရောက်ရှိရေးအတွက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် EITI စံနှုန်းလိုအပ်ချက်နှင့်အညီ သဘာဝ သယံဇာတဆိုင်ရာ လုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလမ်းပြမြေပုံ (Beneficial Ownership – BO Roadmap) အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ငံတကာ EITi အတွင်းရေးမှူးချုပ်ရုံးသို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Taskforce) အား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၀/၂၀၁၈ ဖြင့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ယင်းလုပ်ငန်းအဖွဲ့တွင် အစိုးရဌာနများမှ ကိုယ်စားလှယ် ၉ ဦး၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် ၂ ဦးနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂ ဦးပါဝင်ပြီး မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးဖြစ်သူ ဦးစိုးဝင်းမှ အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

EITI စံနှုန်းလိုအပ်ချက်အား ပြည့်မီစေရန်အတွက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့သည် ကောက်ယူထားရှိသော အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၊ ၎င်းတို့အနေဖြင့် နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများနှင့် ဆက်နွှယ်မှု စသည့် အချက်အလက်များကို အများပြည်သူသို့ စနစ်တကျထုတ်ပြန်ရန် တာဝန်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ယူဦးဆောင်ဦးရွက်ဌာနအဖြစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (Directorate of Investment and Company Administration – DICA) က ဆောင်ရွက်ပြီး မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ သယံဇာတတူးဖော်ထုတ်လုပ်မှု ကဏ္ဍမှ ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအား ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် သက်ဆိုင်သည့်အချက်အလက်များကို တွင်းထွက်သယံဇာတတူးဖော်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI) ၏ ၂၀၁၉ စံနှုန်းပါ လိုအပ်ချက် ၂.၅ နှင့်အညီ ထုတ်ပြန်ကြေညာရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာ အမှတ် ၁၀၄/၂၀၁၉ ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ပထမအဆင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ပါဝင်သော သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍရှိ ကုမ္ပဏီ ၁၅၈ ခု (ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးနှင့် ဆက်သွယ်ပို့ဆောင်ရေး၊ သတ္တုတူးဖော်ရေး၊ ပုလဲထုတ်လုပ်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်) နှင့်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၅ ခုတို့၏ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့ပြီး DICA ၏ Website အား အသုံးပြု၍ အများပြည်သူထံသို့ ထုတ်ဖော်တင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ကြေညာထားသည့် အချက်အလက်များအား (bo.dica.gov.mm) လိပ်စာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ ထိုသို့ထုတ်ပြန်ကြေညာပြီးနောက်တွင် ဥပဒေအကျိုးသက်ရောက်မှု မြင့်တက်လာအောင် ဆောင်ရွက်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ယင်းအချက်အလက်များကို စိစစ်လေ့လာ၍ အမည်မဖော်လိုသော နောက်ကွယ်မှ ကုမ္ပဏီများ၊ အလွဲသုံးမှုများကိုဖော်ထုတ်ရန် တာဝန်ရှိပါသည်။ သတင်းအချက်အလက်များကို အများပြည်သူထံသို့ ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ပြန် ကြေညာခြင်းသည် ကုမ္ပဏီများအတွက် ၎င်းတို့၏အနာဂတ်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ချိတ်ဆက်လုပ်ဆောင်မည့် ကုမ္ပဏီအကြောင်းကိုပိုမိုသိရှိပြီး အချင်းချင်းယုံကြည်မှု မြင့်တက်လာစေမည် ဖြစ်ပါသည်။

ကောက်ယူထားရှိပြီးဖြစ်သော အချက်အလက်များအား ခွဲခြမ်းသုံးသပ်၍ ဒုတိယအဆင့် အချက်အလက် ကောက်ယူသည့်လုပ်ငန်းစဉ်တွင် ပါဝင်မည်ဖြစ်သော ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာ တွင်ပါဝင်သည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် အချက်အလက် ကောက်ယူသည့်အခါတွင် လေ့လာသုံးသပ်ချက်များအပေါ်အခြေခံ၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ ဒုတိယအဆင့်အား ၂၀၂၀ ပြည့်နှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် သီးခြားပညာရှင်တယောက် ငှားရမ်း၍ ကောက်ယူထားရှိသော အချက်အလက်များ၏ အသေးစိတ် ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာတစ်စောင်အား ပြုစုထားရှိပြီးဖြစ်ပါသည်။ အောက်ဖော်ပြပါဇယားမှာ စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၂၀၁၉) တွင် ပါဝင်သည့် ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပါဝင်မှုများကို ရှင်းလင်းပြသထားပါသည်။

| DICA ဝက်ဘ်ဆိုက်တွင် အချက်အလက်များတင်သွင်းထားသည့် ကုမ္ပဏီများအား ကဏ္ဍအလိုက် ဖော်ပြခြင်း | | | | |
|---|---|---|---|---|
| | ဖြည့်သွင်းထားခြင်းမရှိ | ဖြည့်သွင်းထားသည် | စုစုပေါင်း | |
| **ကျောက်စိမ်း နှင့် ကျောက်မျက်** | ၁၅ | ၆၈ | ၈၃ | ၈၁% |
| **သတ္တု** | ၁၀ | ၂၀ | ၃၀ | ၆၈% |
| **ရေနံ နှင့် သဘာဝဓါတ်ငွေ့** | ၁၂ | ၁၉ | ၃၁ | ၆၁% |
| **ရေနံ နှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး** | ၃ | ၁ | ၄ | ၂၅% |
| **ပုလဲ** | ၁ | ၉ | ၁၀ | ၉၀% |
| **နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း** | ၁ | ၄ | ၅ | ၈၀% |
| **စုစုပေါင်း** | **၄၂** | **၁၂၁** | **၁၆၃** | **၇၄%** |